AASYC

# ၂၀၂၀ ခုနှစ်၊ ဧပြီလမှ ဇူလိုင်အထိ ရခိုင်ပြည်တွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာနမှ ထုတ်ဝေသည်။

# မာတိကာ

၁။ ဖြစ်နေရသည့် ရည်ရွယ်ချက်

၂။ Covid-19 ဆိုင်ရာ တွေ့ရှိချက်များ

၂.၁. ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

၂.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

၂.၃. ၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

၂.၃. လူမှု-စီးပွါးရေးအထွေထွေ

၂.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

၃။ Covid-19 ဆိုင်ရာ သုံးသပ်ချက်များ

၃.၁. ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

၃.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

၃.၃. ၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

၃.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

၄။ Covid-19 ဆိုင်ရာ အကြံပြုချက်များ

၄.၁. ၂၀၂၀ ခုနှစ်၊ ဧလအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

၄.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

၄.၃. ၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

၄.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

# ၁. ဖြန့်ဝေရသည့် ရည်ရွယ်ချက်

အရေးပေါ် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံကိန်းများချမှတ်ရာတွင် မူဝါဒရေးဆွဲသူများ အနေဖြင့် အနေဖြင့် ကိုးကားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်တွင်း COVID-19 ကပ်ရောဂါ ကြိုတင် ကာကွယ်ရေးနှင့် ပတ်သက်၍ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (AASYC) မှ ၂၀၂၀ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ ထုတ်ဝေခဲ့သော တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ပြန်လည်ကောက်နုတ်၍ (၂၀.၀၈.၂၀) ရက်နေ့တွင် ပြန်လည် ဖြန့်ဝေသည်။

# ၂. COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

## ၂.၁. ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

(၁) ရခိုင်ပြည်အတွင်းရှိ စစ်ဘေးဒုက္ခသည် စခန်းတချို့တွင် ရေရှားပါးမှု ပြဿနာကြောင့် Covid–19 ရောဂါအား ကာကွယ် နိုင်ရန်အတွက် အခက်အခဲများ ဖြစ်ပေါ်နေသည်။

(၂) ရခိုင်ပြည်ရှိ အကူအညီလိုအပ်နေသည့် ထိခိုက်နစ်နာသူများနှင့်နေရပ်စွန့်ခွာသူများအား COVID-19 ရောဂါ ကာကွယ်တားဆီးရေး အတွက် ကုလသမဂ္ဂကမှ အမေရိကန်ဒေါ်လာ (၂.၂) သန်းကျော် အသုံးပြု ပေးသွားမည်ဖြစ်ကြောင်း ကြေညာသည်။

(၃) COVID-19 ရောဂါဖြစ်ပွါးနေချိန်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်ဝင်ရောက်လာသည့်နေရပ် စွန့်ခွါသူ များအား လက်ခံနေသည်ကို မောင်တောဒေသခံများမှ စိုးရိမ်နေသောကြောင့် လက်ခံရေး စခန်းများ ယာယီပိတ်ထားပေးရန် တောင်းဆိုနေကြသည်။

(၄) တခြားတိုင်းနှင့် ပြည်နယ်မှ စစ်တွေမြို့သို့ ဝင်ရောက်လာသူများအား (၂၅.၀၄.၂၀) ရက်နေ့ မှစ၍ စစ်တွေမြို့တွင် (၂၁) ရက်ကြာ Quarantine ဝင်ရန် ပြည်နယ် အစိုးရမှညွှန်ကြားပြီး မလိုက် နာပါက သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း ရခိုင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (AHCT) မှသိရသည်။

## ၂.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

(၁) ULA/AA အား COVID-19 ကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားရင်ကြား စေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာ (NRPC) က ကချင်ပြည်နယ်အခြေစိုက် ငြိမ်းချမ်းရေး အကျိုး ဆောင်အဖွဲ့ (PCG) မှတဆင့် ဖိတ်ခေါ်ခဲ့သော်လည်း မြန်မာအစိုးရစစ်တပ်မှ ထိုးစစ်ဆင်နေသည့် အတွက် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲရှိကြောင်း သက်ဆိုင်ရာအဖွဲ့မှ ပြောသည်။

(၂) ရခိုင်ပြည်မှ မလေးရှားသို့ ခရီးသွားရာဇဝင်ရှိခဲ့သည့် သံတွဲမှ အမျိုးသား (၁) ဦးနှင့် တောင်ကုတ်မှ အမျိုးသား (၁) ဦးတို့တွင် ရောဂါပိုး တွေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသော်လည်း ပလက်ဝအပါအဝင် မြို့နယ် (၈) မြို့နယ်တွင် အင်တာနက်ဖြတ်တောက်ထား၍ သတင်းအချက် အလက်များ မရရှိနိုင်ပေ။

(၃) COVID-19 ကာလအတွင်း ရခိုင်ပြည်၌ အင်တာနက် ဖြတ်တောက်မှုနှင့် မလေးရှားမှ ပြန် လာသူများအား ရန်ကုန်တွင် Quarantine မပြုလုပ်ဘဲ ရခိုင်သို့ တိုက်ရိုက်ကားဖြင့် ပို့ခဲ့သည့် အတွက် ရခိုင်ကျောင်းသား အဖွဲ့အစည်း (၂) ခုမှ ကန့်ကွက်ချက် ထုတ်ပြန်ခဲ့သည်။

(၄) ရန်ကုန်၊ ပုသိမ်နှင့် ပဲခူးတိုင်းမှ ရခိုင်ပြည်၊ သံတွဲမြို့နယ်သို့ (၂၁) ရက် Quarantine စောင့်ကြည့်မခံဘဲ ခရီးသွားမှတ်တမ်းများအား လိမ်လည်ဝင်ရောက် နေကြသည်။

(၅) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ မူဆလင် ဒုက္ခသည်စခန်းများထဲတွင် COVID-19 ရောဂါပိုး တွေ့ရှိသူ စုစုပေါင်း (၁၀) ဦး ရှိပြီဖြစ်ကြောင်းသိရသည်။

(၆) ရခိုင်ပြည်၊ စစ်တွေမြို့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ထားသည့် နှာခေါင်းစည်းများအား အင်တာနက် ဖြတ်တောက်ထား မှုကြောင့် မသိရှိဘဲ ရောင်းချမှုရှိနေသည်။

(၇) COVID-19 ကာကွယ်ရေး ပစ္စည်းများအား ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟာဇာတ ဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) မှ တောင်ပိုင်းမြို့နယ်များတွင် လှူဒါန်းပြီးဖြစ်သော်လည်း မြောက်ပိုင်းရှိ ပေါက်တော၊ မြေပုံနှင့် ရသေ့တောင်မြို့နယ်များသို့ တိုက်ပွဲကြောင့် သွားလာရ ခက်ခဲ နေသည်။

(၈) စာသင်ကျောင်းများ၌ Quarantine ဝင်နေသူများအား (၁၅.၀၆.၂၀) ရက်နေ့ နောက်ဆုံး ထား၍ ရွှေ့ပြောင်းပေးရန် ပြည်နယ်အစိုးရမှ ညွှန်ကြားထားသည်။

## ၂.၃. ၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

(၁) (၁၉.၀၆.၂၀) ရက်နေ့အထိ COVID-19 ဗိုင်းရပ်စ်ပိုးတွေ့လူနာ (၂၃) ဦးတွင် ရခိုင်ပြည်မှ (၇) ဦး ပါဝင်သည်။ သံတွဲမြို့နယ်တွင် မလေးရှားမှ ပြန်လာသူ ဦးမြင့်အောင်အား ဒုတိယအကြိမ် ဆေးစစ်ရာ ပိုးတွေ့ရှိခဲ့ရသည်။ ယခုအချိန်ထိ ရခိုင်ပြည်သို့ တရုတ်နိုင်ငံမှ ပြန်လာသူ (၃၅၀၀) ကျော်နှင့် ထိုင်းနိုင်ငံမှ ပြန်လာသူ (၁၀၀၀) ကျော်ရှိကြောင်း ရခိုင်ပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးအရာရှိ ဦးရဲမင်းဦးမှ ပြောသည်။

(၂) မောင်တောမြို့နယ်နှင့်ကပ်ရပ်တည်ရှိသည့် ကော့စ်ဘဇား (ဖလောင်းချိတ်) ခရိုင် (၁) ခု တွင် COVID-19 ဗိုင်းရပ်စ်ကြောင့် (၂၀) ဦးသေဆုံးကာ (၈၉၀) ဦးကူးစက်ခံရပြီးနောက် ကော့စ် ဘဇားခရိုင်အား ဘင်္ဂလာဒေ့ရှ်နိုင်ငံ၏ ပထမဆုံးCOVID-19 ဗိုင်းရပ်စ်အနီရောင် (Red Zone) အဖြစ်သတ်မှတ် ကြေညာထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အူခီးယာ မူဆလင် ဒုက္ခသည် စခန်း

တွင် ကရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူ (၂၉) ဦး၊ Cox's Bazar ဒုက္ခသည် စခန်းတွင် (၄၆) ဦး ရှိပြီး ထို (၄၆) ဦးထဲမှ (၅) ဦး သေဆုံးသည့်အတွက် ဆိုးရွားသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

(၃) မောင်တောမြို့နယ်သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသော နေရပ်စွန့်ခွါ မိသားစုဝင် (၅) ဦးအား လှဖိုးခေါင်ယာယီ စခန်း၌ Quanratine ထားရှိပြီး ဓာတ်ခွဲနမူနာ ဆေးစစ်ရန် ပို့ထားသည်။

(၄) ဘင်္ဂလားဒေ့ရှ်မှ မောင်တောမြို့နယ်သို့ ခိုးဝင်လာသူ အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၁) ဦး၊ ဘူးသီးတောင်မြို့နယ်သို့ ခိုးဝင်လာသူ အမျိုးသား (၁) ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ခရီးသွား ရာဇဝင်ရှိသည့် ဘူးသီးတောင်မြို့နယ်မှ အမျိုးသား (၁) ဦးနှင့် စစ်တွေမြို့၌ နေထိုင်သူ (၁) ဦးတွင် COVID-19 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသည်။

(၅) ဘူးသီးတောင်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခရီးသွား ရာဇဝင်ရှိသည့် COVID-19 လူနာနှင့် အတူတူ ဝင်ရောက်လာသူ (၁၂) ဦးထဲတွင် (၄) ဦး ပျောက် ဆုံးနေပြီး (၈) ဦးအား ရပ်ကွက် (၃)၊ ဗိုလ်ချုပ်လမ်းအတွင်းရှိ ဗလီကြီးတွင် Quarantine ထားရှိသည်။

(၆) မောင်တောမြို့နယ်၊ ဖီးပင်ကြီးတွင် ရေတပ်ရှိပြီး နယ်စပ်တလျှောက်လုံးတွင် နယ်ခြား စောင့်များ ရှိနေသည့်အတွက် ၎င်းတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်မှ မောင်တောသို့ ခိုးဝင်လာသည်ကို သိနေကြောင်း၊ အနောက်တံခါး ခြံစည်းရိုး လုံခြုံမှုရှိအောင် ပြုလုပ်ပေးရန် မောင်တောမြို့နယ်မှ ရခိုင်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးမောင်အုန်းမှ ပြောသည်။ ဘင်္ဂလားဒေ့ရှ်မှ တရားမဝင် ဝင်ရောက်နေကြခြင်းမှာ လာတ်ပေး၊ လာတ်ယူမှုများ ရှိနေသည့်အတွက် ဖြစ်ပြီး ၎င်းကိစ္စနှင့် ပတ်သက်၍ အစိုးရအနေဖြင့် ထိထိမိမိ မဆောင်ရွက်နိုင်ပါက ကျန်းမာရေး၊ လုံခြုံရေး၊ လူဝင်/ လူထွက် ပြဿနာများ ပိုမိုဆိုးရွာစွာ လာနိုင်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းရွှေမှ ပြောသည်။ ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ခိုးဝင်နေခြင်း၊ ခိုးသွင်းနေခြင်းကို လေ့လာ သုံးသပ်ရန်လိုအပ်ပြီး ပြည်ထောင်စုအစိုးရတွင် အပြည်အဝတာဝန် ရှိကြောင်းနှင့် အခြေအနေအား ထိန်သိမ်းမှု မလုပ်နိုင်လျှင် ဘူးသီးတောင်၊ မောင်တောဒေသအား သတ်ကွင်းထဲ ပို့သလိုဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်သိန်းမှ ပြောသည်။ သို့ရာတွင် မောင်တောမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ် ဦးထွန်းလှစိန်က ဘင်္ဂလားဒေ့ရှ်မှ ဝင်လာသည့်အချိန်တွင် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ အား စာရင်းပေးပို့ရာတွင် ငွေကုန်ကြေးကျ မတတ်နိုင်သောကြောင့် ရသည့်နည်းများဖြင့် ဝင်လာကြ ခြင်းဖြစ်ကြောင်း ပြောသည်။

(၇) နယ်စပ်မှ တရားမဝင် ဖြတ်ကျော်ဝင်ရောက်လာသူများအား ဥပဒေနှင့်အညီ အရေးယူပေး ရန် မောင်တောဒေသခံ အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၁) ဦးတို့မှ ဆန္ဒ ဖော်ထုတ်ခဲ့ပြီး မောင်တောအခြေအနေသည်လည်း COVID-19 ဗိုင်းရပ်ရောဂါ အနီးရောင် နယ်မြေဖြစ်နေပြီး ခိုးဝင်လာသူများအား နယ်စပ်ဖြတ်ကျော်မှုတို့ဖြင့် တရားစွဲမရ၊ လဝကတွင်လည်း တရားစွဲမရ ကြောင်းနှင့် သဘာဝဘေး အန္တရာယ်ဖြင့်သာ တရားစွဲရကြောင်း ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူ မောင်တောမြို့ခံ ဦးစိန်လှဖြူမှပြောသည်။ သို့ရာတွင် တရားမဝင် နယ်စပ် ဖြတ်ကျော် ဝင်ရောက် လာသူ မောင်တောမြို့နယ်မှ (၁၉) ဦးနှင့် ဘူးသီးတောင်မြို့နယ်မှ (၁၀) ဦးတို့အား လူဝင်မှု

ကြီးကြပ်ရေးဥပဒေ ခိုးဝင်ခိုးထွက် ပုဒ်မ ၁၃(၁) ၊ အားပေးကူညီမှု ပုဒ်မ ၁၃(င) တို့ဖြင့် အရေးယူထားကြောင်း (၃၀.၀၆.၂၀) ရက်နေ့တွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းမှ ပြောသည်။

(၈) ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားခရိုင် အတွင်းမှ မူဆလင်ဒုက္ခသည်များသည် နယ်စပ်ဝင်ပေါက်များမှ တဆင့် ဘူသီးတောင်နှင့် မောင်တောခရိုင်အတွင်းသို့ တရားမဝင် ပြန်လည်ဝင်ရောက်မှုများရှိနေခြင်းသည် နယ်စပ်ခြံစည်းရိုး မလုံသည့်အပြင် နယ်ခြားစောင့် တပ်များအား ULA/AA နှင့် ARSA အဖွဲ့များမှ တိုက်ခိုက်မှုများရှိနေခြင်းကြောင့် လုံခြုံရေးအရ သွားမရသည့်အတွက် တားဆီးရန် မတတ်နိုင်ခြင်းကြောင့် ဖြစ်သည်ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူးမှ ပြောသည်။

(၉) သို့ရာတွင် မောင်တော၊ ဘူးသီးတောင်မြို့ နယ်များသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေသည်များတွင် မှောင်ခိုပွဲစားများရှိပြီး လုံခြုံရေးဘက်မှ တာဝန်ရှိသူများလည်း ပူးပေါင်း ပါဝင်မှုရှိနေကြောင်း၊ ထိုသို့ ဝင်ရောက်လာသူများနှင့် လက်ခံထားသူများကို လဝကဥပဒေဖြင့် မောင်တောနယ်စပ် တလျှောက် ခြံစည်းရိုး ကာထားသော်လည်း သားငါး ရှာစားနေကြသည့် လှေသမားများ ဝင်ထွက် သွားလာနေသည့် ချောင်းမြောင်းများရှိနေသောကြောင့် ၎င်းနေရာများကို ခြံစည်း ရိုးကာ၍ အဆင်မပြေကြောင်း နိုင်ငံတော် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ ပြောသည်။

## ၂.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ တွေ့ရှိချက်များ

(၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် COVID-19 ရောဂါရောက်ရှိနေပြီး မိုးသည်း ထန်ကာ ရေကြီးရေလျှံဖြစ်နေ သောကြောင့် အခြေအနေ ပိုးဆိုးလာနိုင်ပြီး စခန်းနေထိုင် သူများ စိုးရိမ်နေကြသော်လည်း ယခုအချိန်ထိ ရောဂါ ထပ်မံ ကူးစက်မှု သတင်းအချက် အလက်များ အား မရနိုင်ကြောင်း သိရသည်။ (၂၈.၀၇.၂၀) ရက်နေ့ထိ ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် COVID-19 ရောဂါပိုးတွေ့ရှိ သူ (၂၂၉၁၈၅) ဦးရှိပြီး ပြန်လည် သက်သာကောင်းမွန်လာသူ (၁၂၇၄၁၄) ဦးနှင့် သေဆုံးသူ (၃၀၀၀) ဦး ရှိသွားပြီဖြစ်သည်။

(၂) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လာသည့် လူနာအမှတ်စဉ် (၃၂၅) နှင့် လူနာအမှတ်စဉ် (၃၂၆) တို့၌ ကရိုနာဗိုင်းရပ်စ် ရောဂါပိုးတွေ့ရှိရကြောင်း (၁၀.၀၇.၂၀) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

(၃) မောင်တောမြို့နယ်တွင် ဘင်္ဂလားဒေ့ရှ်မှပြန်ဝင်လာသူ အသက် (၃၆) နှစ်အရွယ် အမျိုးသားတဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိရကြောင်း (၂၅.၀၇.၂၀) ရက်နေ့တွင် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

(၄) ရခိုင်ပြည်သို့ ပြည်တွင်းမှပြန်လာသူများကို Quarantine မထားတော့ကြောင်း သိရသည်။

(၅) (၁၃.၀၇.၂၀) ရက်နေ့တွင် စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် လူနာအမှတ် (၂၉၂) အမျိုးသားအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။

(၆) (၁၄.၀၇.၂၀) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ အပေါက်ဝ တိုက်နယ်ဆေးရုံ၌ ကွာရန်တင်း ဝင်နေသည့် ရောင်စုံကျေးရွာသား COVID-19 စောင့်ကြည့်လူနာ (၁) ဦးသေဆုံး သွားသည်။

(၇) ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(CDNH) မှ ပံ့ပိုးမှုဖြင့် မာန်အောင်မြို့နယ်ရှိ စာသင်ကျောင်း (၁၃) ကျောင်း အတွက် COVID-19 ရောဂါ ကာကွယ်ရေး ပစ္စည်းများအား မာန်အောင်မြို့နယ်လုံးဆိုင်ရာ လူငယ်များအစည်းအရုံးမှ လှူဒါန်းရန် ပြင်ဆင်နေကြောင်းသိရသည်။

(၈) COVID-19 ရောဂါပိုး စစ်ဆေးသည့်စက်ပေးဝေရေးအတွက် မြန်မာတနိုင်ငံလုံးမှ ဦးစားပေး မြို့နယ် (၁၀) ခုတွင် စစ်တွေမြို့ဆေးရုံကြီးအား ထည့်ခဲ့ခြင်းကြောင့် (၂) လအတွင်း စက်ရောက်ရှိမည်ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ် စစ်ဆေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

(၉) (၁၆.၀၇.၂၀) ရက်နေ့တွင် လူနာအမှတ် (၃၃၉) နှင့် ထိတွေ့ခဲ့သဖြင့် ကျောက်တော် မြို့နယ် ကျန်းမာရေးဌာနမှ ကွာရင်တင်းဝင်ခိုင်းထားရာမှ ပေါက်တောမြို့နယ်၊ အနောက်ရဲ (မူဆလင်) ကျေးရွာမှ မာမူဆုယော်ဆိုသူ ပျောက်ဆုံးနေသည်။

(၁၀) (၂၈.၀၇.၂၀) ရက်နေ့တွင် ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) မှ စစ်တွေမြို့နယ်ရှိ ကျေးရွာအချို့နှင့် အလိုတော်ပြည့်ဘုန်းတော်ကြီး ကျောင်းတိုက်ရှိ မသန်စွမ်းသူများအပြင် ရသေ့တောင်၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ မင်းပြားနှင့် ကျောက်တော်မြို့နယ်တို့တွင် အခြေခံ စားသောက်ကုန်များ၊ COVID-19 ကာကွယ်ရေးပစ္စည်းများကို လှူဒါန်းခဲ့သည်။

(၁၁) (၀၂.၀၇.၂၀) နှင့် (၀၃.၀၇.၂၀) ရက်နေ့များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မောင်တောခရိုင် အတွင်းသို့ ခိုးဝင်လာသူ အမျိုးသား (၆) ဦးနှင့် အမျိုးသမီး (၅) ဦးတို့အား လူဝင်မှု ကြီးကြပ်ရေး ဥဒေပုဒ်မ ၁၃(၁) ဖြင့် မောင်တောမြို့နယ် တရားရုံးမှ ထောင်ဒဏ် (၆) လ ချမှတ်လိုက်ပြီး အသက်မပြည့်သည့် ကလေးငယ် (၂) နှင့် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတို့ထံသို့ အပ်နှံ လိုက်ပြီး UEHRD အစီအစဉ်စာရင်းတွင် ပါဝင်သူ (၂) ဦးအား လွှတ်ပေး လိုက်သည်။

(၁၂) (၀၂.၀၇.၂၀) ရက်နေ့တွင် COVID-19 ဗိုင်းရပ်ပိုး တွေ့ရှိခဲ့ပြီးနောက် နယ်စပ်လုံခြုံရေးအား လုံခြုံရေး တိုးမြှင့်ထားပြီး တဘက်နိုင်ငံကိုလည်း တရားမဝင် ဝင်ရောက်လာပါက ဖမ်းဆီးမည်ဟု အကြောင်း ကြားထားသောကြောင့် ခိုးဝင်လာသူများ မရှိတော့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိရသူများ လည်း ထပ်မတွေ့ရတော့ကြောင်း မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးအောင်မှ ပြောသည်။

# ၃. COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

## ၃.၁. ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

(၁) COVID-19 ရောဂါဖြစ်ပွါးနေချိန်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ဝင်ရောက်လာသည့် ဘင်္ဂလီများအား အစိုးရမှ လက်ခံနေသည်ကို မောင်တောမြို့နယ် ဒေသခံများမှ စိုးရိမ်နေကြပြီး ဆိုင်းငံ့ထားရန် တောင်းဆိုရသည့်အဆင့်ထိတိုင် အစိုးရ၏ ဒေသခံရခိုင်လူထု အပေါ် ကျန်းမာရေး စောင့်ရှောက်မှုတွင် အကဲဆပ်မှုနှင့် အလေးဂရုထားမှုတို့ လျော့ပါးနေပြီး၊ ဒေသခံများ၏ လုံခြုံ စိတ်ချရမှုထက် ဘင်္ဂလီများအရေးကြောင့် နိုင်ငံတကာဖိအားကို တုန့်ပြန်ရန် ပိုမိုဦးစားပေးနေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရသည်။

## ၃.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

(၁) ရခိုင်ပြည်မြောက်ပိုင်းတွင် အင်တာနက်ဖြတ်တောက်ထား၍ COVID-19 ဆိုင်ရာ သတင်းအချက်အလက်များ မရရှိခြင်း၊ တိုက်ပွဲများကြောင့် သွားလာရန်ခက်ခဲ၍ COVID-19 ပစ္စည်းများအား ရခိုင်ပြည်အနှံ့ လှည့်လည် လှူဒါန်းရန်ခက်ခဲခြင်း၊ ပြည်ပမှ အစုလိုက် အပြုံလိုက် ပြန်လာသူများအား စနစ်တကျ Quarantine မပြုလုပ်ခြင်း၊ စာသင်ကျောင်း များ၌ Quaranine ဝင်နေသူများအား အစိုးရမှ စနစ်တကျ နေရာချထားပေးရန် မစီစဉ်ဘဲ (၁၅.၀၆.၂၀) ရက်နေ့ နောက်ဆုံးထား၍ ရွှေ့ပြောင်းခိုင်းခြင်း၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည် စခန်းများမှ ပြန်လည် ဝင်ရောက်လာသူများထံမှ ရောဂါပြန့်ပွါးနိုင်ခြင်း၊ ဆေးရုံဆေးခန်း များ၌ ခေတ်မီ ကာကွယ် ကုသရေး ပစ္စည်းကိရိယာများ မပြည့်စုံခြင်းတို့ကြောင့် ရခိုင်ပြည် တွင် COVID-19 ပြန့်ပွါးလာပါက ထိန်းချုပ်ရန် ခက်ခဲနိုင်သည်။

## ၃.၃. ၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

(၁) ဘင်္ဂလာဒေ့ရှ်နိုင်ငံ၏ ပထမဆုံးကိုရိုနာပိုင်းရပ်စ် အနီရောင်နယ်မြေ (Red Zone) အဖြစ် သတ်မှတ် ကြေညာထားသည့် ကော့စ်ဘဇားခရိုင်မှ မောင်တောခရိုင်သို့ ခိုးဝင်လာသည့် ဒုက္ခသည် များ စဉ်ဆက်မပြတ်ရှိနေပြီး ယခုအချိန်ထိ ရခိုင်ပြည်သို့ တရုတ် နိုင်ငံမှ ပြန်လာသူ (၃၅၀၀) ကျော်နှင့် ထိုင်းနိုင်ငံမှ ပြန်လာသူ (၁၀၀၀) ကျော်ရှိသဖြင့် ခိုးဝင်လာသူများအား ပိတ်ပင်တားဆီး ခြင်း၊ တရားဝင်ပြန်လာသူများအား စနစ်တကျ Quarantine ပြုလုပ်၍ စစ်ဆေးခြင်းအစရှိသည့် ကိစ္စများအား ထိရောက်စွာ မပြုလုပ်နိုင်ပါက ရောဂါပြန့်ပွါးလာလျှင် ထိန်းချုပ်ရန် အခက်အခဲရှိလာနိုင်သည်။

### ၃.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ သုံးသပ်ချက်များ

(၁) မောင်တောနှင့် မြစ်တဖက်ကမ်းရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်စခန်းများတွင် ရေလွှမ်းမိုးမှုကြောင့် မောင်တောခရိုင်အတွင်းသို့ ခိုးဝင်မှုများ တိုးပွါးလာနိုင်ပြီး ၎င်းတို့နှင့်အတူ COVID-19 ရောဂါ ပြန့်ပွါးမှုလည်း ကျယ်ပြန့်လာနိုင်သည်။ အပေါက်ဝ တိုက်နယ်ဆေးရုံ၌ QUARANTINE ဝင်နေသည့် COVID-19 စောင့်ကြည့်လူနာ (၁) ဦးသေဆုံးသွားသည့် ကိစ္စမှာ ရောဂါပိုးကြောင့် ဟုတ်-မဟုတ် သက်သေမကင်း ဖွယ်ဖြစ်ပြီး၊ ရခိုင်ပြည်သို့ ပြည်တွင်းမှ ပြန်လာသူများကို Quarantine မထားတော့ခြင်း၊ ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူများနှင့် စောင့်ကြည့်လူနာများ မကြာခဏ ပျောက်ဆုံးနေခြင်းတို့ကြောင့် ရခိုင်ပြည်တွင်း COVID-19 အန္တရာယ်မှာလည်း စိုးရိမ် ဖွယ်ရာပင်ဖြစ်သည်။

(၂) တဘက်နိုင်ငံမှ ခိုးဝင်လာသူများ မရှိတော့ကြောင်း မောင်တောခရိုင် အုပ်ချုပ် ရေးမှူးမှ ပြောဆိုထားသော်လည်း ယခင်လက ဒေသခံပြည်သူလူထုနှင့် အမတ်များက အစိုးရတာဝန်ရှိသူများ၏ လာဘ်စားခြစားမှုကြောင့် ခိုးဝင်မှုများ ရှိနေသည် ဟူ၍လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများက တိုက်ပွဲကြောင့် နယ်စပ်တလျှောက်လုံးတွင် လုံခြုံရေး ဆောင်ရွက်ရန် အခက်အခဲရှိသည်ဟူ၍ လည်းကောင်း၊ သမ္မတရုံးမှ ဒေသခံများ လုပ်ကိုင်စားသောက် ရေးအတွက် ဝင်ထွက်နေရသည့် နေရာများအား ပိတ်ဆို့ရန် မဖြစ်နိုင်ဟူ၍ လည်းကောင်း ပြောဆိုချက်များရှိနေရာ တဘက်နိုင်ငံမှ ခိုးဝင်သူများ အလွယ်တကူ ပပျောက်သွားပြီဆိုသည့် ဖြေရှင်းချက်မှာ လက်ခံရန် ခက်ခဲပေသည်။

(၃) အစိုးရမှ စစ်တွေဆေးရုံကြီးသို့ ပေးပို့မည့်ကိစ္စမှအပ COVID-19 ရောဂါကာကွယ်ရေး ပစ္စည်းများအား ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) နှင့် ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) မှသာ လှူဒါန်းခဲ့သည်ကိုတွေ့ရသဖြင့် လိုအပ်ချက် အများအပြားရှိနေလိမ့်မည်ဟု ခန့်မှန်းရသည်။

## ၄. COVID-19 ဆိုင်ရာ အကြံပြုချက်များ

### ၄.၁. ၂၀၂၀ ခုနှစ်၊ ဧပြီလအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

### ၄.၂. ၂၀၂၀ ခုနှစ်၊ မေလအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

(၁) COVID-19 ကပ်ရောဂါ ဆိုက်ကပ်နေသည့်အချိန်တွင် နစ်ဖက်တပ်ဖွဲ့များ အနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွါးကို ထောက်ထားငဲ့ညှာသောအားဖြင့် ယာယီဖြစ်စေ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ၍ သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ကာကွယ် ကုသရေး လုပ်ငန်းများကို

လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးသင့်သည်။ NLD အစိုးရ/ ပါတီအနေဖြင့်လည်း ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးကိစ္စများကို စီမံချက်ရှိရှိဖြင့် စနစ်တကျ ဆောင်ရွက်ပေးသင့်သည်။

## ၄.၃. ၂၀၂၀ ခုနှစ်၊ ဖွန်လအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

(၁) ဘင်္ဂလာဒေ့ရှ်နိုင်ငံမှ ခိုးဝင်လာသည့် ဒုက္ခသည်များတွင် COVID-19 ပါဝင်လာနိုင်ခြေများ သဖြင့် ၎င်းတို့သည် လူဝင်/လူထွက် ပြဿနာလောက်သာ မဟုတ်ဘဲ အမျိုးသားလုံခြုံရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကူးစက်ရောဂါ ပြဿနာကိုပါ ပေါ်ပေါက်နိုင်စေသည်ကို ရခိုင်တမျိုးသား လုံး သတိထား၍ ထိရောက်စွာ ကြိုတင်ကာကွယ်ရန် အစီအစဉ်များ ချမှတ်ထားသင့်သည်။

## ၄.၄. ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း COVID-19 ဆိုင်ရာ အကြံပြုချက်များ

(၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်စခန်းများတွင် COVID-19 ရောဂါ ပြန့်ပွါးနေပြီး ရေလှမ်းမိုး မှုကြောင့် မောင်တောခရိုင်အတွင်းသို့ ခိုးဝင်မှုများ တိုးပွါးလာနိုင်ကာ ခိုးဝင်စောင့်ကြည့် လူနာများ မှာလည်း မကြာခဏပျောက်ဆုံးနေခြင်းကြောင့် ရခိုင်ပြည်တွင်း COVID-19 ပြန့်ပွါးမှုကို အထူး သတိထား၍ စောင့်ကြည့်သင့်ပေသည်။

(၂) တဘက်နိုင်ငံမှ မောင်တောခရိုင်သို့ ခိုးဝင်လာသူများသည် အလွယ်တကူ ပပျောက်သွား ရန်မှာ မဖြစ်နိုင်ဘဲ ၎င်းတို့နှင့်အတူ COVID-19 ရောဂါ ပြန့်ပွါးနိုင်ခြေလည်းများသဖြင့် လူဝင်မှု ကြီး ကြပ်ရေး ကို အထူးတင်းကြပ် ထားသင့်သည်။

သုတေသနနှင့် မှတ်တမ်းဌာန
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)
Email: aasyc.ghq@gmail.com
www.aasyc.info

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) သုတေသနနှင့် မှတ်တမ်းဌာနမှ ထုတ်ဝေသည်။